သခင်ယေရှုမိုးကောင်းကင်သို့တက်ကြွတော်မူခြင်းပွဲနေ့

မေလ ၂၁ ရက် ၂၀၂၃   မာတေဦး ၂၈း၁၆–၂၀

ဘယ်လိုဘယ်ပုံ နဲ့ ဘယ်နေရာမှာ သခင်ယေရှုကောင်းကင်ဘုံကို
တက်ကြွသွား ခဲ့ပါသလဲ။

သခင်ယေရှုကောင်းကင်ဘုံကို တက်ကြွသွားခြင်းဟာ
ကျွန်ုပ်တို့ရဲ့ဘဝအသက်တာနဲ့ ဘယ်လိုသက်ဆိုင်ပါသလဲ။

ဘာဖြစ်လို့ခရစ်တော်ဘုရားရှင်ဟာ ကောင်းကင်ဘုံကိုမတက်ကြွခင်
ရက်ပေါင်း ၄၀ ကို ဒီကမ္ဘာပေါ်မှာ အသုံးပြုနေခဲ့ပါသလဲ ဆိုတာကို
ထောက်ရှုကြရအောင်။

ဘာအကြောင်းများကြောင့် သခင်ဘုရားဟာ မိုးကောင်းကင်ကို တက်ကြွသွား
တော်မူပါသလဲ။

သခင်ဘုရားဟာ မိုးကောင်းကင်ကို တက်ကြွသွားလို့ ကျွန်ုပ်တို့အတွက်
ဝိညာဉ်ရေးဆိုင်ရာနဲ့ပတ်သက်ပြီး ဘာအကျိုးသက်ရောက်မှုများ ရှိပါသလဲ။

ဒီနေ့မှာ သာသနာတော်တခုလုံးအနေနဲ့ ခရစ်တော်ရဲ့ မိုးကောင်းကင်ကို
တက်ကြွသွားခြင်းဟာ ပထမကျမ်းစာမှာ တွေ့ရတဲ့အတိုင်း (မောင့် အော့ဗ်
အောလစ်) လို့ခေါ်တဲ့နေရာမှာ ဖြစ်ခဲ့တာကို ပြန်လည်သတိရ
ကျင်းပတဲ့နေ့ဖြစ်ပါတယ်။

ခရစ်တော်ရဲ့ မိုးကောင်းကင်ကို တက်ကြွသွားခြင်းနဲ့ ပတ်သက်လို့–
သာမန်မြင်ကွင်းနဲ့ ဝိညာဉ်ရေးဆိုင်ရာမြင်ကွင်းဆိုပြီး နှစ်မျိုးနှစ်စား
မြင်တွေ့နိုင်ပါတယ်။

သာမန်မြင်ကွင်းလို့ပြောရင် မြေကြီးပေါ်ကနေ အမြင့်ဆီသို့
လေယဉ်ကဲ့သို့လည်းကောင်း၊
ငှက်လို့မျိုးမိုးပေါ်ကိုပျံတက်တဲ့ပုံစံမျိုးကိုလည်းကောင်း ယူဆနိုင်ပေမဲ့-
ဖတ်ရတဲ့ ကျမ်းချက်တွေက အဲဒီသဘောမျိုးမဆောင်ပါဘူး။

ဒါပေမဲ့ ဝိညာဉ်ရေးနဲ့သက်ဆိုင်တဲ့ အကြောင်းအချက်ကတော့
အစဉ်ထာဝရဘုန်းတော်ဂုဏ်တော်ဆီသို့
သခင်ဘုရားကြွမြန်းသွားခြင်းဖြစ်ပါတယ်။

ပထမကျမ်းမှာကြားခဲ့ရသလို ဘာဖြစ်လို့ခရစ်တော်ဘုရားရှင်ဟာ
ကောင်းကင်ဘုံကိုမတက်ကြွခင် ရက်ပေါင်း ၄၀ ကို ဒီကမ္ဘာပေါ်မှာ
အသုံးပြုနေခဲ့ပါသလဲ။ ပထမကျမ်းဟာ တမန်တော်ဝတ္ထုကဖြစ်ပြီး
အောက်ပါအချက်များကို ကျွန်ုပ်တို့အား သိစေပါတယ်။

၁- သခင်ဘုရားကောင်းကင်ဘုံကို တက်ကြွသွားခြင်းဟာ
ခရစ်တော်ရှင်ပြန်ထမြောက်ခြင်းရဲ့ ရက်ပေါင်း ၄၀
ပြည့်ပြီးမှဖြစ်ပါတယ်။

၂- သခင်ဘုရားကောင်းကင်ဘုံကို တက်ကြွသွားခြင်းဟာ (မောင့်
အော့ဖ် အောလစ်) မှာဖြစ်တယ် ဆိုတာကို တွေ့ရပါတယ်။

ဒီအကြောင်းအရာများဟာ ကျမ်းထဲမှာ သေချာစွာ
ရေးမှတ်ထားတဲ့အချက်များဖြစ်လို့ အီစတာတနင်္ဂနွေနေ့ပြီးနောက်ပိုင်း
သာသနာမှာ ကြီးမားဆုံးသောပွဲတော်ထဲမှာ တခုဖြစ်ပါတယ်။

ဘာဖြစ်လို့ခရစ်တော်ဘုရားရှင်ဟာ ကောင်းကင်ဘုံကိုမတက်ကြွခင်
ရက်ပေါင်း ၄၀ ကို ဒီကမ္ဘာပေါ်မှာ အသုံးပြုနေခဲ့ပါသလဲ။

၄၀ ဆိုတာ အမှတ်သင်္ကေတနဲ့ဆိုင်တဲ့ ဂဏန်းတခုဖြစ်ပါတယ်။
ပြင်ဆင်ခြင်းနဲ့ဆိုင်တဲ့ဂဏန်း၊ သန့်ရှင်းစင်ကြယ်ခြင်းနှင့်ဆိုင်သော ဂဏန်း။
ဒါကြောင့် ရှင်ပြန်ထမြောက်ခြင်းပြီးတဲ့နောက်ပိုင်း ရက်ပေါင်း ၄၀ အတွင်း
သခင်ဘုရားဟာ အကြိမ်ပေါင်းများစွာ မိမိကိုယ်ကို တပည့်တော်ကြီးများဆီသို့
သူတို့ရဲ့ယုံကြည်ခြင်းကို ပြင်ဆင်ပေးဘို့၊ သန့်စင်စေဘို့အတွက်
ထင်ရှားပြခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ကောင်းကင်ဘုံကို
တက်ကြွသွားပြီးနောက်ပိုင်း ဓမ္မဝေလီကျမ်းမှာ ရေးမှတ်ထားတဲ့
ကယ်တင်ခြင်းရဲ့ဝမ်းမြောက်ရာသတင်းကို ဖြန့်ဝေဘို့အတွက် သူတို့ကိုဖွဲ့စည်း
တာဝန်ပေး စေလွှတ်တော့မှာ ဖြစ်ပါတယ်။

ဘာအကြောင်းများကြောင့် သခင်ဘုရားဟာ မိုးကောင်းကင်ကို တက်ကြွသွား
တော်မူပါသလဲ။

ကျမ်းချက်များအပေါ် အခြေခံပြီး အချက် ၃ ချက်ကို
ကျွန်ုပ်တို့သိရှိနိုင်ပါတယ်။

- ရှေ့နေရှေ့ရပ် (သို့) ဖေးမကူညီမဲ့သူကို စေလွှတ်ပေးဘို့
- ကျွန်ုပ်တို့အတွက်နေစရာကို ပြင်ဆင်ပေးဘို့
- ခန္ဓာအရဝေးကွာနေပေးမဲ့ ဝိညာဉ်အရ အမြဲတမ်း ကျွန်ုပ်တို့နဲ့
  နီးနီးကပ်ကပ် ရှိနေခြင်းကို ကျွန်ုပ်တို့ရဲ့အသက်တာမှာ
  တွေ့မြင်သိရှိနိုင်ဘို့၊

ပါရာကလီတူးကို စေလွှတ်ပေးမယ် ဆိုတဲ့အကြောင်းကို ကြည့်ရအောင်
(ယောဟန် ၁၆း၇) ဖတ်တဲ့အခါ (ကျွန်ုပ်သွားတာ ကောင်းတယ်၊
ကျွန်ုပ်မသွားရင် ရှေ့နေရှေ့ရပ်က သင်တို့ဆီမကြွလာဘူး၊ ကျွန်ုပ်သွားရင် )

ဒါဟာသခင်ဘုရားက သူ့ရဲ့တပည့်တော်တွေကို
သန့်ရှင်းသောဝိညာဉ်တော်ဘုရားရဲ့ကျေးဇူးတော်တွေကိုရရှိတဲ့အထိ
စောင့်နေရမယ်ဖြစ်ကြောင်း သင်ကြားပါတယ်။

ဒုတိယအချက်။ ။ ကောင်းကင်ဘုံမှာ နေစရာနေရာကို ပြင်ဆင်ပေးခြင်း–

ယောဟန် ၁၄း၂–၄ မှာ– ငါ့ရဲ့အဘအိမ်တော်မှာ နေစရာများစွာရှိ၏။
အဲဒါမဟုတ်ဘူးဆိုရင် သင်တို့အတွက် ငါနေစရာသွားပြီးပြင်ဆင်ပေးမယ်လို့
–––

ဒါကြောင့် ကိုယ်တော်ကောင်းကင်ဘုံမှာ သူ့ကိုယုံကြည်သူတွေအတွက် ၊
သူ့ရဲ့အလုပ်ကိုစိတ်အားထက်သန်စွာလုပ်ဆောင်ပေးသောသူများအတွက် ၊
သူ့ရဲ့အလိုတော်ကိုစိတ်အားထက်သန်စွာလုပ်ဆောင်ပေးသောသူများအတွက်
သူတပါးကိုအစေခံသောသူများအတွက်၊ နေရာပြင်ဆင်ပေးဘို့ ဖြစ်ပါတယ်။

ကိုယ်ခန္ဓာအရမမြင်ရပေမဲ့ စိတ်နှလုံးစိတ်ဝိညာဉ်အားဖြင့် ကိုယ်တော်ဟာ
ကျွန်ုပ်တို့နဲ့အမြဲတမ်းရှိနေတယ်ဆိုတာ မြင်တွေခံစားကြရမှာဖြစ်ပါတယ်။

ဒီကနေ့ကျမ်းစာမှာ သခင်ဘုရားက ကောင်းကင်ဘုံကို
တက်ကြွသွားပြီးနောက်ပိုင်း ကပ်ကမ္ဘာကုန်တဲ့အထိ
ကျွန်ုပ်တို့နဲ့အတူရှိနေမယ်ဆိုတာ မိန့်တော်မူခဲ့ပါတယ်။ မဟုတ်ရင်
တပည့်တော်တွေရဲ့အသက်တာမှာ ခရစ်တော်ဘုရားရှင်ရှိမှာမဟုတ်ပါဘူး။

ဒါပေမဲ့ ကိုယ်တော်ဟာ အခြားသောအခြေအနေတခုနဲ့
ကျွန်ုပ်တို့နဲ့အတူရှိနေပါတယ်။ အဲဒါကတော့
သန့်ရှင်းသောဝိညာဉ်တော်အားဖြင၊ ကိုယ်တော်မြတ်စက္ကရင်မင်တူးအားဖြင့်၊
ပြီးတော့ ကိုယ်တော်ရဲ့နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပါတယ်။

တခါ သံပေါလူးက သာသနာတော်ကြီးဟာ ခရစ်တော်ရဲ့ခန္ဓာတော်ဖြစ်တယ်လို့သူဆိုပါတယ်။ အစိပ္ပာယ်က သာသနာတော်ကြီးရဲ့ဦးခေါင်းဖြစ်တော်မူသော ခရစ်တော်ဟာ ကောင်းကင်မှာရှိပြီး ကိုယ်တော်ရဲ့ခန္ဓာတော်ဟာ ဒီကမ္ဘာလောကမှာရှိနေတယ် လို့ ဆိုလိုပါတယ်။ ဒါ့ကြောင့် နောက်ဆုံးသောနေ့မှာ ကိုယ်တော်ဟာ သာသနာတော်ကြီးတခုလုံးကို သူ့ရဲ့ခန္ဓာတော်အဖြစ် ကောင်းကင်ကို ယူဆောင်သွားမှာဖြစ်ပါတယ်။

ဘုရားကိုယ်တော်ဟာ တကယ်ဘဲရှိနေပြီး ကျွန်ုပ်တို့အတွက် ခမည်းတော်ဘုရားရဲ့လက်ယာဘက်ကနေပြီး ကြားဝင်ဆုတောင်းပေးနေပါတယ်။

သခင်ဘုရားဟာ မိုးကောင်းကင်ကို တက်ကြွသွားလို့ ကျွန်ုပ်တို့အတွက် ဝိညာဉ်ရေးဆိုင်ရာနဲ့ပတ်သက်ပြီး ဘာအကျိုးသက်ရောက်မှုများ ရှိပါသလဲ။

ကောင်းကင်းဘုံတက်ကြွသွားပြီးနောက် တပည့်တော်ကြီးတွေဟာ ဝမ်းမြောက်စရာသတင်းကို ဖြန့်ဝေဘို့အတွက်၊ အမှုတော်ကိုဆက်လက်ဆောင်ရွက်ဘို့အတွက် အလုပ်တာဝန်ပေးခြင်း၊ စေလွှတ်ခြင်းခံရပါတယ်။

လူမျိုးတကာကို ကိုယ်တော်ရဲ့တပည့်များ ဖြစ်စေဘို့

သူတို့ကို ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်မြတ်၌ဆေးကြောခြင်းမင်္ဂလာကို ခံယူစေဘို့၊

ပညတ်တော်များကို လိုက်နာဘို့အတွက် သင်ပေးဘို့ ဖြစ်ပါတယ်။

ခရစ်တော်ရဲ့ မိုးကောင်းကင်ကို တက်ကြွသွားခြင်းဟာ သူစတင်ခဲ့ခွာသွားတဲ့နေရာကစပြီး သူ့ရဲ့လုပ်ငန်းတော်အရေးကြီးသရွေ့ သူ့ရဲ့လုပ်ငန်းတော်ကို ဆက်လက်လုပ်ဆောင်ဘို့ ဖြစ်ပါတယ်။